## သန်ချဆေးပေါင်းတိုက်ကျွေးရေးအစီအစဉ်

| အသက်အုပ်စု | **Albendazole** ဆေးပြား (၄၀၀) မီလီဂရမ် | **DEC** ဆေးပြား (၁၀၀) မီလီဂရမ် |
|---|---|---|
| ၂ နှစ် မှ ၅ နှစ် | ၁ ပြား | ၁ ပြား |
| ၆ နှစ် မှ ၁၄ နှစ် | ၁ ပြား | ၂ ပြား |
| ၁၅ နှစ် နှင့်အထက် | ၁ ပြား | ၃ ပြား |

## ဆေးမသောက်သင့်သူများ

- အသက် (၂)နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိခင်၊ ရောဂါ တစ်ခုခုကို ဆိုးဝါးစွာ ခံစားနေရသူများ။

## ဘယ်အချိန်ဆေးသောက်ရမလဲ

- အချိန်မရွေးသောက်နိုင်ပါသည်။ အစာစားပြီးချိန်၊ ညအိပ်ရာ ဝင်ချိန်သောက်လျှင် အကောင်းဆုံးဖြစ်သည်။

ကလေးများနှင့် ဆေးမျိုချရန် ခက်ခဲသူများကို ဆေးပြားများ ကြိတ်တိုက်ပါ။ အတင်းအကြပ်ချုပ်ကိုင်ခြင်း၊ နှာခေါင်း ပိတ်ခြင်း မပြုလုပ်ရပါ။

## ဆေးသောက်ပြီး ဘာတွေဖြစ်တတ်သလဲ

- ဆေးသောက်ပြီး လှုပ်ရှားမှုများလျှင် အချို့လူများတွင် အနည်းငယ် မူးတတ်/ပျို့တတ်ပါသည်။
- ရောဂါပိုးရှိသူများတွင် ဆေးအာနိသင်ကြောင့် အနည်းငယ် ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းများ ဖြစ်တတ်ပါသည်။

## အဲဒီလိုဖြစ်လာခဲ့ရင် ဘာတွေလုပ်မလဲ

- ဆေးသောက်ပြီး အင်ပြင်ထွက်လျှင် ဘာမီတွန် (၁) ပြား တိုက်ပါ။
- ကိုယ်လက်ကိုက်ခဲလျှင် ပါရာစီတမော (၁) ပြား ခေါင်းမူး/ ပျို့အန်လျှင် B 6 (၁) ပြားတိုက်ပါ။
- မသက်သာပါက ဆေးတိုက်အဖွဲ့ (သို့) နီးစပ်ရာ ဆေးရုံ/ ဆေးခန်းသို့ ဆက်သွယ်ပါ။

## သန်ချဆေးပေါင်းတိုက်ကျွေးဖြင့် ဘာအကျိုးကျေးဇူးတွေရရှိမလဲ

- ဆင်ခြေထောက် သန်ကောင်များ သေကြေပျက်စီးပြီး ရောဂါ ကင်းစင်သွားပါမည်။
- ရောဂါပိုးမရှိသောလူများမှာ ဆေးအာနိသင်ကြောင့် ရောဂါပိုး ဝင်ရောက်ကူးစက်ခြင်းမှ ကာကွယ်ပေးနိုင်ပါသည်။
- အူလမ်းကြောင်းရှိ သန်ကောင်အမျိုးမျိုး ကင်းစင်စေပါသည်။

**ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး**
**သန်ချဆေးပေါင်း တိုက်ကျွေးပေး**

### ဆင်ခြေထောက်ရောဂါ

"သက္ကရာဇ် ၂၀၂၀ တွင် မြန်မာနိုင်ငံမှာ
ဆင်ခြေထောက်ရောဂါကင်းဝေးရေး"
ရည်မှန်းချက် အောင်မြင်စေရန်
ပြည်သူလူထုအနေဖြင့်
သန်ချဆေးပေါင်းကို
ယုံယုံကြည်ကြည် သောက်သုံးကြပါစို့။


ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနစိတ်မှ
ပူးပေါင်းတည်းဖြတ်သည်။

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

MINISTRY OF HEALTH AND SPORTS

World Health Organization
Myanmar


# ဆင်ခြေထောက်ရောဂါ ကင်းဝေးရေး
# သန်ချဆေးပေါင်း တိုက်ကျွေးပေး




**ဆင်ခြေထောက်ရောဂါသည်**
**သွေးကြောထဲတွင်နေသော သန်ကောင်ကြောင့်ဖြစ်ပွားသည်။**
**ခြင်ကိုက်ခြင်းဖြင့် ကူးစက်ပါသည်။**

### ဆင်ခြေထောက်ရောဂါပိုး သယ်ဆောင်သောခြင် *Culex quinquefasciatus* ပေါက်ပွားရာနေရာများ

ရေပုပ်ရေသိုးများ၊
ရေစီးရေလာမကောင်းသည့်၊
ရေမြောင်းပုပ်များ၊
ရေဆိုးကျင်းများ၊ မလုံခြုံသော
မြေအောက်မြောင်းများတွင်
ပေါက်ပွားသည်။



## ရောဂါလက္ခဏာများ

**ငုပ်နေသောအဆင့်**

လူအချို့တွင် ရောဂါပိုးရှိနေသော်လည်း ရောဂါလက္ခဏာမပြဘဲ (၆)လမှ (၁)နှစ်ခန့်အထိ ငုပ်နေတတ်ပါသည်။

## ရောဂါလက္ခဏာများ

- ချမ်းတုန်ဖျားခြင်း
- ယားယံ၍ အင်ပြင်ထွက်ခြင်း
- ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုးရင်ကျပ်ခြင်း
- အကျိတ်များ ယောင်ခြင်း
- ဝေးစေ့များယောင်၍ အောင့်ခြင်း၊ နာခြင်း
- ခြေ၊ လက် တစ်ဖက် / နှစ်ဖက်နီရဲ၊ ပူလောင်၊ ရောင်ရမ်း၍ နာခြင်း (မှင်ထခြင်း၊ ပင့်ကူရှုပ်ခြင်း)
- ကပ်ပယ်အိတ် (မုတ္တ) ကြီးခြင်း
- ဆန်ဆေးရေကဲ့သို့ အဖြူရောင် ဆီးပျစ်ပျစ်သွားခြင်း
- ဆီးထဲသွေးပါခြင်း

## ရောဂါသက်ရင့်လာသည့်အခါ ဖြစ်နိုင်သည့် လက္ခဏာများ

- ခြေ၊ လက်၊ ရင်သားစသည်တို့ တစ်ဖက်ထဲ/နှစ်ဖက်လုံး ကြီးလာပြီး နောက်ဆုံးတွင် ဆင်ခြေထောက်အသွင် ဖြစ်လာပါသည်။

**အထက်ပါ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ ချက်ချင်းဆေးကုသမှုခံယူပါ။**

## ဆင်ခြေထောက်ရောဂါလက္ခဏာများ





ဆင်နို့




ရေမုတ်

## စစ်ဆေးတွေ့ရှိချက်

- ဆီးထဲ သားငံရည်ပါခြင်း၊ ကျောက်ကပ် ပျက်စီးခြင်း





## ဆင်ခြေထောက်ရောဂါလက္ခဏာများ





## ဆင်ခြေထောက်ရောဂါကိုဖြစ်စေသော သွေးသန်ကောင်



# ဆင်ခြေထောက်ရောဂါအကြောင်း သိကောင်းစရာ

World Health Organization
Myanmar

## ရောဂါကူးစက်ပုံ

- ဆင်ခြေထောက်ရောဂါသည် သွေးကြောထဲတွင်နေသော သန်ကောင်ကြောင့် ဖြစ်ပွားသည်။
- ဆင်ခြေထောက်ရောဂါပိုး သယ်ဆောင်သောခြင် *Culex quinquefasciatus* ကိုက်ခြင်းဖြင့် ကူးစက်ပါသည်။
- ဆင်ခြေထောက်ရောဂါပိုး သယ်ဆောင်သောခြင်သည် ရေပုပ်ရေသိုးများ၊ ရေစီး ရေလာမကောင်းသည့် ရေမြောင်းပုပ်များ၊ ရေဆိုးကျင်းများ၊ မလုံခြုံသော အိမ်သာကျင်းများ၊ မလုံခြုံ သော မြေအောက်မြောင်းများတွင် ပေါက်ပွားသည်။

## ငုပ်နေသောအဆင့်

- လူအချို့တွင် ရောဂါပိုးရှိနေသော်လည်း ရောဂါလက္ခဏာလုံးဝမပြဘဲ (၆)လမှ (၁)နှစ်ခန့်အထိ ငုပ်နေတတ်ပါသည်။

## ရောဂါလက္ခဏာများ

- ချမ်းတုန်ဖျားခြင်း၊ ယားယံ၍အင်ပြင်ထွက်ခြင်း၊ ပန်းနာရင်ကျပ်ကဲ့သို့ ချောင်းဆိုး ရင်ကျပ်ခြင်း၊ အကျိတ်များယောင်ခြင်း၊ ဝေးစေ့များယောင်၍ အောင့်ခြင်း၊ နာခြင်း၊ ခြေလက် တစ်ဖက်/နှစ်ဖက်နီရဲ၊ ပူလောင်၊ ရောင်ရမ်း၍ နာခြင်း၊ (မှင်ထခြင်း၊ ပင့်ကူ ရုပ်ခြင်း)၊ ကပ်ပယ်အိတ် ကြီးခြင်း (မုတ္တ)၊ ဆန်ဆေးရေကဲ့သို့ အဖြူရောင် ဆီးပျစ်ပျစ် သွားခြင်း၊ ဆီးထဲသွေးပါခြင်း

## ရောဂါသက်ရင့်လာသည့်အခါ ဖြစ်နိုင်သည့်လက္ခဏာများ

- ခြေထောက် ရင်သား စသည်တို့ တစ်ဖက်ထဲ (သို့) နှစ်ဖက်လုံး ကြီးလာပြီး နောက်ဆုံးတွင် ဆင်ခြေထောက်အသွင် ဖြစ်လာပါသည်။

အထက်ပါ ရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ သွားရောက်ပြသ၍ **ချက်ချင်း** ဆေးကုသမှု ခံယူပါ။

## သန်ချဆေးနှစ်မျိုးလုံးကို တစ်ကြိမ်ထဲသောက်ပါ။

| အသက်အုပ်စု | Albendazole ဆေးပြား (၄၀၀) မီလီဂရမ် | DEC ဆေးပြား (၁၀၀) မီလီဂရမ် |
|---|---|---|
| ၂ နှစ် မှ ၅ နှစ် | ၁ ပြား | ၁ ပြား |
| ၆ နှစ် မှ ၁၄ နှစ် | ၁ ပြား | ၂ ပြား |
| ၁၅ နှစ် နှင့်အထက် | ၁ ပြား | ၃ ပြား |

## ဆေးမသောက်သင့်သူများ

- အသက် (၂) နှစ်အောက် ကလေး၊ ကိုယ်ဝန်ဆောင်မိခင်၊ ရောဂါတစ်ခုခုကို ဆိုးဝါးစွာ ခံစားနေရသူများ

## ဘယ်အချိန်ဆေးသောက်ရမလဲ?

- အချိန်မရွေးသောက်နိုင်ပါသည်။ အစာစားပြီးချိန်၊ ညအိပ်ရာဝင်ချိန် သောက်လျှင် အကောင်းဆုံးဖြစ်သည်။

## ဆင်ခြေထောက်ရောဂါလက္ခဏာများ







ဆင်နို့




ရေမှုတ်



ဆီးထဲ သားငံရည်ပါခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း

"ဆင်ခြေထောက်ရောဂါကင်းဝေးရေး သန်ချဆေးပေါင်း တိုက်ကျွေးပေး"




"သက္ကရာဇ် ၂၀၂၀ တွင် မြန်မာနိုင်ငံမှ ဆင်ခြေထောက်ရောဂါကင်းဝေးရေး" ရည်မှန်းချက် အောင်မြင်စေရန် ပြည်သူလူထုအနေဖြင့် သန်ချဆေးပေါင်းကို ယုံယုံကြည်ကြည် သောက်သုံးကြပါစို့။

ဆင်ခြေထောက်ရောဂါကင်းဝေးရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနစိတ်မှ ပူးပေါင်းတည်းဖြတ်သည်။
၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ